# အမှာစာ

ကျွန်မသည် ပထဝီဝင် ဆရာမ တစ်ယောက်ဖြစ်ခဲ့ရာ ပထဝီဝင်နှင့် နီးနွယ်သော ဆောင်းပါးများ ရေးခဲ့ဖူးပါသည်။ ဆောင်းပါးများကို ထုတ်ဝေသူက စာအုပ်ထုတ်လိုကြောင်း ပြောသဖြင့် စာအုပ်နှစ်အုပ် ထွက်ရှိခဲ့ပါသည်။ တစ်ရက်တွင် ကျွန်မနှင့် လုပ်ဖော်ကိုင်ဖက်ဖြစ်ခဲ့ဖူးသည့် ဆရာ ဦးအောင်သန်း [တွဲဘက် ပါမောက္ခ (ငြိမ်း) ] က ကျွန်မကို ပထဝီဝင် အဘိဓာန် ရေးသား ပြုစုရန် တယ်လီဖုန်းဖြင့် အကြံပြု တိုက်တွန်းပါတယ်။ ဦးအောင်သန်း၏ အကြံပြုချက်သည် ကျွန်မတို့ သတိမမူမိသော လိုအပ်ချက်ကွက်လပ်တစ်ခုကို ထောက်ပြသွားခြင်း ဖြစ်သည်ဟု ယူဆမိပါသည်။ ကျွန်မ စဉ်းစားပါသည်။ အဘိဓာန် တစ်ခု ပြုစုရသည်မှာ တစ်ရက်၊ နှစ်ရက် သို့မဟုတ် တစ်လ၊ နှစ်လနှင့် ပြီးစီးမည့် ကိစ္စမဟုတ်ပါပေ။ ကျွန်မ၏ အသက်အရွယ်နှင့် ကျန်းမာရေး အခြေအနေအရ မိမိ အစပြုခဲ့သည့် ကိစ္စကို အပြီးမသတ်နိုင်က ကျန်ခဲ့မည်ကို စိုးရိမ်ပါသည်။ ဤကိစ္စကို ဆရာကြီး ဦးလှထွန်းအောင်နှင့် တိုင်ပင်ပါသည်။ ဦးလှထွန်းအောင်သည် ကျွန်မထက် အသက်ရော အတန်းပါ ငယ်သူဖြစ်ပါသည်။ သို့သော် ကျွန်မတို့ (ဆရာကြီး ဒေါက်တာ ကျော်စိန်၊ ပညာရေးဝန်ကြီး (ငြိမ်း) အပါအဝင်) နိုင်ငံခြား ပညာတော်သင်အဖြစ် အတူသွားရောက်ခဲ့ကြသည့်ပြင် မြန်မာနိုင်ငံ ပြန်ရောက်တော့လည်း အလုပ်လုပ်ကြသည့် တက္ကသိုလ်ချင်း မတူသည့်တိုင် ပထဝီဝင် ဆရာအချင်းချင်းဖြစ်ခဲ့၍ သူငယ်ချင်း မိတ်ဆွေများ ဖြစ်လာကြပါသည်။ ဦးလှထွန်းအောင်က ပထဝီဝင် ဘာသာအားလုံးကို မပြုစုဘဲ လူမှုရေး ပထဝီဝင် (Human Geography) ကိုသာ ပြုစုရန် အကြံပေးပါသည်။ သူ့အကြံကြောင့် ကျွန်မ အားတက်သွားပါသည်။ သို့ဖြင့် ဤအဘိဓာန်ကို ပြုစု ဖြစ်သွားပါသည်။ လူမှုရေး ပထဝီဝင် တစ်ခုတည်းပင် ၃ နှစ်ကြာ ပြုစုခဲ့ရပါသည်။

ပထဝီဝင် ဘာသာသည် ရှေးအကျဆုံး သိပ္ပံဘာသာရပ်များတွင် တစ်ခု အပါအဝင် ဖြစ်သည်။ ၎င်းသည် ရူပ ပထဝီဝင်တွင် အကျုံးဝင်သည့် တည်နေရာ၊ မြေမျက်နှာပြင်၊ ရာသီဥတု၊ မြေဆီလွှာ စသည်တို့နှင့် လူတို့၏ လူမှု ဘဝအဖုံဖုံကို ဆက်စပ်လေ့လာသည်။ Space ခေါ် နေရာ/ဒေသ/အကွာအဝေးသည် ပထဝီဝင် ဘာသာရပ်၌ အဓိကထား လေ့လာရသည့် အချက် ဖြစ်သည်။ လူတို့၏ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး စသည်တို့ကို လေ့လာရာတွင် space ဒေသ/နေရာ/အကွာအဝေးကို ချန်ထား၍မရပါ။

လူမှုရေး ပထဝီဝင်တွင် လူဦးရေ ပထဝီဝင်၊ လူနေမှု ပထဝီဝင်၊ မြို့ပြပထဝီဝင်၊ သဘာဝရင်းမြစ် ပထဝီဝင်၊ စီးပွားရေး ပထဝီဝင်၊ နိုင်ငံရေးပထဝီဝင်၊ ဂေဟစနစ်နှင့် သဘာဝ ပတ်ဝန်းကျင် ပထဝီဝင်တို့ ပါဝင်သည်။ ဤအဘိဓာန်ကို ပြုစုရာတွင် အောက်ပါ စာအုပ်များကို အဓိက မှီငြမ်းပြုပါသည်။


၁။ Geography (Collins Dictionary) (2004) Harpen Collins Publisher.

၂။ Getis, Arthur, Getis, Judith, Fellmann, Jerome D. Introduction to Geography (2006). Tenth Edition, Mc Graw Hill.

၃။ Johnston, R.J. (E.d) The Dictionary of Human Geography. First Edition 1981, Reprinted 1985. Basil Black - well

၄။ Johnston, R.J (Ed). The Dictionary of Human Geography. Third Edition, 1994. Blackwell

၅။ Mayhew, Susan. A Dictionary of Geography. Second Edition, 1997, Oxford University Press.

၆။ Small, John and Witherick, Michael. A Modern Dictionary of Geography Second Edition (1989). Edward Arnold.


အထက်ပါ စာအုပ်များအပြင် အခြား ပထဝီဝင် စာအုပ်များ၊ ပထဝီဝင်နှင့် တိုက်ရိုက်မသက်ဆိုင်သည့် အခြားသော စာအုပ်များ၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများ ကိုလည်း ကိုးကားပါသည်။ အချို့ ဝေါဟာရများနှင့် တွဲဖက်၍ မြေပုံ၊ သရုပ်ပြပုံ၊ ဂရပ်ပုံနှင့် ဇယားများ ပါရှိပါသည်။ ၎င်းတို့ကို မည်သည့်စာအုပ်မှ ကူးယူဖော်ပြသည်ကို စာရေးသူ (သို့မဟုတ်) အယ်ဒီတာ အမည်၊ စာအုပ် ထုတ်ဝေသည့် ခုနှစ်နှင့် စာမျက်နှာကို ပုံများ၏ အောက်ခြေတွင် အောက်ပါပုံစံအတိုင်း ဖော်ပြထားပါသည်။

Johnston, (1994). P.....

မြေပုံငယ် အချို့ကိုမူ အလျဉ်းသင့်သလို ရေးဆွဲထားပါသည်။ အင်တာနက်မှ ထုတ်ယူဖော်ပြထားသော ပုံပါရှိသော်လည်း ၎င်းကိုမူ ရည်ညွှန်းခြင်း မရှိပါ။